ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/၁၃၀၂

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီအမည်နှင့် ကုန်အမှတ်တံဆိပ်ကြော်ငြာများအား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အသိပေးတင်ပြရန် အကြောင်းကြားခြင်း**

ရည် ညွှန်း ချက်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၁၄-၁၁-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၅၀၀-ဆည/ ခွဲ (၅) လိုင်စင်/ ၆၀၂၅

၁။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရယူထားသော လိုင်စင်ရကုမ္ပဏီများအနေဖြင့် ဝန်ဆောင်မှုများမစတင်မီ မိမိတို့ဝန်ဆောင်မှုပေးမည့်စျေးနှုန်းကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဦးစွာတင်ပြ၍ ဝန်ဆောင်မှုစျေးနှုန်းသတ်မှတ်ချက် (Tariff Framework) နှင့်အညီ အတည်ပြုချက်ရရှိပြီးနောက် ကုန်အမှတ်တံဆိပ် အသုံးပြု၍ မိမိတို့၏ဝန်ဆောင်မှုများကို ကြော်ငြာသည့်အခါ လိုင်စင်ပါခွင့်ပြုချက်နှင့် ကိုက်ညီမှန်ကန်မှုရှိ/မရှိ စိစစ်နိုင်ရန်အတွက် လိုင်စင်တွင်ခွင့်ပြုထားသော ကုမ္ပဏီအမည်နှင့် ကုန်အမှတ်တံဆိပ်တို့အား အတူယှဉ်တွဲ၍ ကြော်ငြာမှုပြုလုပ်သွားရန်နှင့် လိုက်နာမှုမရှိပါက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရည်ညွှန်းပါစာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် အချို့သောကုမ္ပဏီများအနေဖြင့် အထက်တွင်ဖော်ပြခဲ့သည့် ကုန်အမှတ်တံဆိပ် အသုံးပြု၍ ဝန်ဆောင်မှုစျေးနှုန်းအား ကြော်ငြာရာတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အသိပေးတင်ပြခြင်းမရှိဘဲ ဆောင်ရွက်လျက်ရှိသည့်အပြင် ဤဦးစီးဌာနမှ ခွင့်ပြုထား သည့် လိုင်စင်ရကုမ္ပဏီအမည်၊ ဝန်ဆောင်မှုစျေးနှုန်းအတည်ပြုချက်နှင့် ကုန်အမှတ်တံဆိပ်တို့အား အတူယှဉ်တွဲ၍ ဖော်ပြရန် ပျက်ကွက်နေကြသည်ကို စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင် ရယူထားသော လိုင်စင်ရကုမ္ပဏီများအနေဖြင့် ထုတ်ပြန်ထားသော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်စည်းကမ်းချက်များနှင့်အညီ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၂၉ (က) အရ ဝန်ဆောင်မှုတစ်ခုစတင်ရာတွင် ဝန်ဆောင်ခနှုန်းထားကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဦးစွာအတည်ပြုချက်ရယူပြီးမှသာ ဆက်လက်ဆောင်ရွက်သွားရန်နှင့် စျေးနှုန်းအတည်ပြုချက်ရရှိပြီးပါကလည်း ကြော်ငြာမည်ဆိုပါက လိုင်စင်တွင်ဖော်ပြပါရှိသော ကုမ္ပဏီအမည်နှင့် ကုန်အမှတ်

တံဆိပ်တို့အား အတူယှဉ်တွဲ၍ ကြော်ငြာမှုပြုလုပ်သွားရန် ထပ်မံအသိပေးအကြောင်းကြားပါသည်။ သို့ဖြစ်၍ လိုင်စင်ရကုမ္ပဏီများအနေဖြင့် မိမိတို့ကုမ္ပဏီ အမည်ဖြင့်လည်းကောင်း၊ ကုမ္ပဏီအမည်ဖြင့်မတူဘဲ ကွဲပြားသော ကုန်အမှတ်တံဆိပ် (Brand, Logo) များဖြင့်လည်းကောင်း ဝန်ဆောင်မှုပေးနေသည့် အခြေအနေများအား ပူးတွဲပုံစံတွင် ဖြည့်စွက်၍ (၂၁-၂-၂၀၂၀) (သောကြာနေ့) အရောက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ မပျက်မကွက် ပေးပို့သွားရန် ဖော်ပြပါသည်။

၄။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်များအား တိကျစွာလိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာခြင်းမရှိဘဲ ဝန်ဆောင်မှုပေးနေသည်ကို စိစစ်တွေ့ရှိပါက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆင့်ဆင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဤညွှန်ကြားချက်အား သိရှိလိုက်နာသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ စာဖြင့် မပျက်မကွက် တရားဝင် အကြောင်းပြန်ကြားပေးရန် ထပ်မံဖော်ပြအပ်ပါသည်။

ပူးတွဲပါဇယား

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(စိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများအားလုံး

မိတ္တူကို
ရုံးလက်ခံ
မျှော

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသည့် လိုင်စင်ရကုမ္ပဏီများ၏
ဝန်ဆောင်မှုပေးနေသည့် အခြေအနေ

စဉ်	လိုင်စင်ရကုမ္ပဏီအမည်	လိုင်စင် အမျိုးအစား	လိုင်စင်ရရှိသည့်ရက်	ဝန်ဆောင်မှုနှုန်းထား ခွင့်ပြုချက်ရရှိသည့်ရက်	ဝန်ဆောင်မှုပေးနေသော Brand Name နှင့် Logo အမှတ်တံဆိပ်	မှတ်ချက်